# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

June 13, 2019 Volume 20, Number 9


| ၁၃.၆.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၃၆ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၇၂၃၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၄/ကျပ် |
| CBM Rate | = ၁၅၂၈.၀/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၂၅.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၈.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၃၅.၇ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၀၉.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၅၅.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၀.၇၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၈၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၉.၀၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၇.၀၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၉၅၁ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## ပြည်ပမှ စားတော်ပဲတင်သွင်းခွင့်ပြုနိုင်ရန် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှု စစ်တမ်းကောက်ယူမည်

ပြည်ပမှ စားတော်ပဲတင်သွင်းခွင့်ပြုပေးနိုင်ရန် ပြည်တွင်းကုလားပဲ ကြိတ်ခွဲ ထွက်ရှိမှုအပေါ် စစ်တမ်းကောက်ယူရန် ပြင်ဆင်နေကြောင်း ပဲမျိုးစုံကုန်သည်များ ထံမှသိရသည်။ လက်ရှိတွင် ပြည်တွင်းကုမ္ပဏီများက စားတော်ပဲကို တိရစ္ဆာန် အစာအဖြစ် တင်သွင်းခွင့်ပေးရန် လိုင်စင်လျှောက်ထားမှုများရှိနေသည့်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စားတော်ပဲတင်သွင်းခွင့်ကို ဆိုင်းငံ့ထားကြောင်း ကုန်သည်များကဆိုသည်။ သက်ဆိုင်ရာတာဝန်ရှိတွေ ပူးပေါင်း စစ်တမ်းကောက်မှာပေါ့။ ကုလားပဲကြိတ်ခွဲတဲ့ လုပ်ငန်းရှင်တွေကို စစ်တမ်း ကောက်မယ်လို့သိရတယ်။ စားတော်ပဲ တင်သွင်းခွင့်ပေးဖို့ တချို့ကုန်သည်တွေက တောင်းဆိုလာတော့ စီးပွားကူးသန်းကနေ ကုမ္ပဏီတစ်ခုကို တန် ၅၀၀ ပေးမယ် ဆိုပြီးလုပ်ခဲ့တယ်။ အခုလျှောက်ထားတဲ့ ကုမ္ပဏီတွေများနေတော့ ဝန်ကြီး ဌာနဘက်ကနေ ဒါကိုစိစစ်ပြီးမှ လုပ်ပေးမယ်လို့ပြောတယ်။ စားတော်ပဲတင်သွင်း ခွင့်ပေးလိုက်ရင် ပြည်တွင်းကုလားပဲဈေးကွက်ပျက်သွားနိုင်တယ်။ စားတော်ပဲကို ပြည်တွင်းမှာ စားသုံးမှုနည်းတယ်။ ဒီပဲ အစားထိုးအနေနဲ့ ကုလားပဲကို ပဲခွဲခြမ်း လုပ်ပြီး အသုံးပြုတာဖြစ်တယ်။ တကယ်လို့သာ ခွင့်ပြုမယ်ဆိုရင် ပြည်တွင်းမှာ ရှိနိုင်မယ့် ကုလားပဲလက်ကျန်နဲ့ချိန်ဆရမယ်။ ဒါကြောင့် ကုလားပဲစစ်တမ်း အရင်ကောက်မယ်လို့သိရတယ်ဟု ဘုရင့်နောင်ပွဲရုံတန်းရှိ ကုန်သည်တစ်ဦးက ပြောသည်။

အဆိုပါ စစ်တမ်းများကို ပြည်တွင်း၌ ကုလားပဲအများဆုံးစိုက်သည့် တိုင်းဒေသ ကြီးများဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ စစ်ကိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် ကောက်ယူမည်ဖြစ်ကြောင်းသိရသည်။ စားတော်ပဲ တင်သွင်း ခွင့်ပေးလိုက်တယ်ဆိုတာ မဟုတ်ပါဘူး။ တင်သွင်းခွင့် ကန့်သတ်ထားတဲ့ ကုန်စည် ကုဒ်တွေမှာလည်း အရင်က ကုန်စည်ပေါင်း ၃,၀၀၀ ကျော် သတ်မှတ်ထား တာ ကနေ အခုဆို ၄,၀၀၀ လောက် ကန့်သတ်လိုက်တော့ ပိုတောင်များလာတယ် ပြောလို့ရတယ်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြား ရေးမှူး ဦးမျိုးသူကပြောသည်။ လက်ရှိပြည်တွင်း၌ ကုလားပဲစိုက်ဧပေါင်း ၈၉၀,၀၀၀ ကျော် တန်ချိန် ၅၆၀,၀၀၀ ခန့် ထွက်ရှိ ကြောင်း၊ ထိုထဲမှ ပြည်တွင်းသုံးစွဲမှု တန်ချိန် ၁၃၀,၀၀၀ ကျော်ရှိနေပြီး ပြည်ပသို့ တန်ချိန် ၃၀,၀၀၀ ကျော် တင်ပို့နေသည်။ ထို့အတူ ပြည်တွင်း၌ စားတော်ပဲစိုက်ဧကပေါင်း ၁၂၀,၀၀၀ ကျော်တွင် တန်ချိန် ၉၆,၀၀၀ ကျော် ထွက်ရှိကြောင်းသိရသည်။

စားတော်ပဲကို ပြည်တွင်း၌ အစားအစာနှင့်တိရစ္ဆာန်အစာအဖြစ် သုံးစွဲလျက်ရှိပြီး လက်ရှိ မြန်မာ့ကုလားပဲ အများဆုံးတင်ပို့နေသည့်နိုင်ငံများမှာ အိန္ဒိယ၊ ပါကစ္စတန်၊ အာရပ်ဆော်ဘွားများနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ နယ်သာလန်၊ မလေးရှားနှင့်

ဆော်ဒီအာရေဗျနိုင်ငံတို့ကို တင်ပို့လျက်ရှိသည်။

**Source:** https://www.facebook.com/amiamyanmar/?_ga=2.241167683.1724819689.1547105062-925020387.1547105062

## ပြောင်းသီးနှံကို တရုတ်နိုင်ငံ၏ AQSIQ စာရင်းတွင်ပါဝင်နိုင်ရေး အမြန်ဆုံးဆောင်ရွက်ပေးရန်တောင်းဆို

ပြောင်းသီးနှံကို တရုတ်နိုင်ငံ၏ AQSIQ စာရင်းတွင် ပါဝင်နိုင်ရေး အမြန်ဆုံး ဆောင်ရွက်ပေးရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ တင်ပြတောင်းဆိုထားကြောင်း မူဆယ် (၁၀၅) မိုင် ပဲ၊ ပြောင်းနှင့် လယ်ယာထွက်ကုန်ပစ္စည်း ကုန်စည်ဒိုင်မှသိရသည်။ အဆိုပါကုန်စည်ဒိုင်နှင့် မြန်မာ့စီးပွားကုန်သွယ်ရေးအဖွဲ့တို့မှ တရုတ်နိုင်ငံကူးမင်းမြို့ရှိ တရုတ်- မြန်မာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ကိုယ်စားလှယ်ရုံးမှတာဝန်ရှိသူများ၊ ကုန်သည်များနှင့် အစေ့ထုတ်ပြောင်းကို နှစ်နိုင်ငံ ကုန်ပစ္စည်းဖလှယ်ခြင်း စာချုပ်ချုပ်ဆိုနိုင်ရန် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်သော်လည်း၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဘက်မှ လက်မှတ်ရေးထိုးပေးရန်လိုအပ်နေခြင်းဖြစ်သည်။

အဆိုပါလက်မှတ်ရေးထိုးပြီးမှသာ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံ၏ ပြောင်းဖူးစေ့ကို တရားဝင် MOU စာချုပ် ချုပ်ဆို၍ ဝယ်ယူနိုင်မည်ဖြစ်ခြင်းကြောင့် ယင်းသို့တောင်းဆိုရခြင်းဖြစ်ကြောင်း အဆိုပါကုန်စည်ဒိုင်၏ ဥက္ကဋ္ဌ ဦး လှမောင်က ဆိုသည်။ မူဆယ် (၁၀၅) မိုင် ပဲ၊ ပြောင်းနှင့် လယ်ယာထွက်ကုန်ပစ္စည်း ကုန်စည်ဒိုင်အနေဖြင့် ၂၀၁၅ ခုနှစ် မတ်လတွင် နှစ်နိုင်ငံရှိ စိုက်ပျိုးရေးဌာနမှ တာဝန်ရှိသူများကို ဖိတ်ခေါ်တွေ့ဆုံကာ ပြောင်းစိုက်ပျိုးခင်းများ၊ သိုလှောင်ရုံများ ကို ကြည့်ရှုစစ်ဆေး၍ တောင်သူများ၏ စိုက်ပျိုးသိုလှောင်ရာတွင် လိုအပ်ချက်များကို မှာကြားထားပြီးဖြစ်သည်ဟုဆိုသည်။ ထို့အပြင် နှစ်နိုင်ငံ စိုက်ပျိုးရေးဌာနများ၏ Protocol အချက်အလက်များကိုလည်း ညှိနှိုင်းသဘောတူညီမှုရယူပြီးဖြစ်ကြောင်းသိရသည်။ ကျွန်တော်တို့က သူတို့မတင်ပြခင်ကတည်းက ဒီကိစ္စကိုလုပ်နေပါတယ်ဟု စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်ထွန်းကဆိုသည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမှစ၍ တရုတ်နိုင်ငံဘက်မှ မြန်မာ့ပြောင်းဖူးစေ့များကို လာရောက်ဝယ်ယူမှု ရပ်တန့်သွားခဲ့သဖြင့် နယ်စပ်တွင်ရောင်းချရန် တင်ပို့ထားသည့် ပြောင်းဖူးစေ့တန်ချိန်များစွာပိတ်မိနေကြောင်း ကုန်သည်များကဆိုသည်။ သို့ဖြစ်ရာ ပြောင်းစိုက်တောင်သူများမှာလည်း ဆက်လက်စိုက်ပျိုးရန် အခက်အခဲ ဖြစ်နေသည့်အပြင် တင်ပို့ရောင်းချခွင့် မရသဖြင့် လက်ဝယ်ထားရှိပြီး၊ အချိန်ကြာလာသည်နှင့်အမျှ ပစ္စည်းပျက်စီးဆုံးရှုံးခြင်းများ ကြုံတွေ့နေရကြောင်း ကုန်သည်များကဆိုသည်။

**Source:** https://www.facebook.com/amiamyanmar/?_ga=2.241167683.1724819689.1547105062-925020387.1547105062

## မြန်မာ-အိန္ဒိယသီးနှံသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများပူးပေါင်းလုပ်ဆောင်မည်

စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် အိန္ဒိယအပြည်ပြည်ဆိုင်ရာ မိုးနည်းရပ်ဝန်းဒေသ သီးနှံသုတေသန (ICRISAT) တို့အကြား နှစ်နိုင်ငံနားလည်မှုစာချွန်လွှာရေးထိုးကာ သုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သတင်းရရှိသည်။ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုတွေကို အရင်ထက်တိုးမြှင့်ဆောင်ရွက်သွားမယ်။ သုတေသနလုပ်ငန်းတွေကို ၁၉၇၆ ခုနှစ်ကတည်းက ပူးပေါင်းဆောင်ရွက်ခဲ့တာဟာ အောင်မြင်မှုတွေ ရရှိလာတယ်ဟုပြောသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့်ပူးပေါင်းကာ သုတေသနလုပ်ငန်းများ တိုးတက်ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ဘက်စုံတိုးတက်ကောင်းမွန်သော အစားအစာထုတ်လုပ်မှုအစီအစဉ်များ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် အိန္ဒိယနိုင်ငံအပြည်ပြည်ဆိုင်ရာ မိုးနည်းရပ်ဝန်းဒေသ သီးနှံသုတေသနလုပ်ငန်းများအား ပထမအကြိမ် နားလည်မှုစာချွန်လွှာကို ၁၉၈၆ ခုနှစ်က လက်မှတ်ရေးထိုးခဲ့ကာ အဓိကသီးနှံ (၅) မျိုးအား သုတေသနပူးပေါင်းဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့ပြီး၊ နှစ်ပေါင်း (၃၃) နှစ်တာကာလအတွင်း သုတေသနပူးပေါင်းဆောင်ရွက်မှု အကျိုးရလဒ်များကြောင့် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားဒေသများတွင် နေထိုင်ကြသည့် နိုင်ငံလူဦးရေ၏ (၂၅) ရာခိုင်နှုန်းခန့်သော တောင်သူများအတွက် အဓိကစိုက်ပျိုးသီးနှံများဖြစ်သည့် ပဲမျိုးစုံနှင့်ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု မြင့်မားရေးအတွက် အထောက်အကူပြုခဲ့ကြောင်းသိရသည်။

ICRISAT ၏ သုတေသနအထောက်အပံ့ဖြင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် ကုလားပဲမျိုး (၁၀) မျိုး၊ နံ့စားပြောင်းမျိုး (၉) မျိုး၊ ပဲစဉ်းငုံ (၆) မျိုးနှင့် မြေပဲ (၅) မျိုးတို့အားထုတ်လုပ်နိုင်ခဲ့ပြီး လက်ရှိအခြေအနေတွင် တောင်သူအများစု လက်ခံစိုက်ပျိုးနေသည့် မျိုးများဖြစ်ကြောင်းသိရသည်။ သုတေသနပူးပေါင်းဆောင်ရွက်မှုဖြင့် အရည်အသွေးကောင်းသီးနှံများတိုးတက်ရေး၊ သီးနှံမျိုးများနှင့် သဘာဝအရင်းအမြစ်များထိန်းသိမ်းရေးနှင့် နိုင်ငံ၏သုတေသနလုပ်ငန်းများ ပိုမိုတိုးတက်စေရန်နှင့် စွမ်းဆောင်ရည်မြင့်မားရေးအတွက် သုတေသနပညာရှင်များအား သင်တန်းများစီစဉ်ပေးခြင်းများ အပါအဝင် နည်းပညာနှင့်သုတေသနပူးပေါင်းဆောင်ရွက်ခဲ့ခြင်း၏ အကျိုးရလာဒ်များအားလည်းကောင်း၊ ICRISAT နှင့် ပူးပေါင်း၍ ကုလားပဲ၊ ပဲစဉ်းငုံ၊ မြေပဲ၊ နံ့စားပြောင်းနှင့် ဆပ်သီးနှံမျိုးကွဲများ သုတေသနဆောင်ရွက်ခဲ့မှုများကြောင့် တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်လာနိုင်မှု ရလဒ်ကောင်းများရရှိခဲ့ကြောင်းသိရသည်။ အဆိုပါနားလည်မှု စာချွန်လွှာကို ၂၀၁၉ ခုနှစ်၊ ဖွန်လ (၁၁) ရက်က ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Source:** https://www.facebook.com/amiamyanmar/photos/a.945174725568024/2269050103180473/

## မြန်မာ့ရော်ဘာ ပြည်ပတင်ပို့မှု RSS တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀ ကျော်ဈေးတက်

မြန်မာ့ရော်ဘာ ပြည်ပတင်ပို့မှုတွင် RSS တစ်တန်းလျှင် အမေရိကန်ဒေါ်လာ ၅၀ ကျော်ထိ ဈေးနှုန်းမြင့်တက်လာကြောင်း ရော်ဘာလုပ်ငန်းရှင်များထံမှ သတင်းရရှိသည်။ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးမှ တစ်လလျှင် RSS-1 တန်ချိန် ၂၃၀ ကျော်၊ RSS-3 တန်ချိန် ၈၀၀ ကျော် ၊ RSS -5 တန်ချိန် ၅၀ ခန့်၊ MSR တန်ချိန် ၃၆၀ ကျော်၊ ထိုင်းနယ်စပ် တာချီလိတ်ကုန်သွယ်ရေးစခန်းမှ MSR -10 တန်ချိန် ၅၀ ကျော် တင်ပို့နေကြောင်းသိရသည်။ မေလတစ်လထဲကို နယ်စပ်ကနေ ရော်ဘာတန်ချိန် ၃,၂၀၀ ကျော် တင်ပို့နိုင်ခဲ့တာဖြစ်လို့ ဇြိုင်နှိုင်းယှဉ်ရင် တန်ချိန် ၁,၃၀၀ လောက် ပိုတင်ပို့ထားနိုင်တယ်။ ပင်လယ်ရေကြောင်းကနေလည်း နိုင်ငံအများစုကို ပို့လာနိုင်တယ်။ RSS ဈေးကတော့ ကောင်းနေတယ်။ ဒီရော်ဘာအမျိုးအစားကို ပင်လယ်ရေကြောင်းနဲ့ တင်ပို့တဲ့နိုင်ငံတွေက ကြိုက်နှစ်သက်လာလို့ဖြစ်တယ်ဟု တာချီလိတ်ရှိ ရော်ဘာလုပ်ငန်းရှင် ဦးထွန်းထွန်းကပြောသည်။

လက်ရှိတွင် ပင်လယ်ရေကြောင်းမှ တစ်လလျှင် အမေရိကန်ဒေါ်လာ နှစ်သန်းကျော် တန်ဖိုးရှိ ရော်ဘာမျိုးစုံ တန်ချိန် ၅,၈၀၀ ခန့် တင်ပို့နေပြီး မလေးရှား၊ တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် အိန္ဒိယသို့ တင်ပို့နေကြောင်း သိရသည်။ ထိုထဲမှ မလေးရှားနိုင်ငံသို့ RSS-3 တန်ချိန် ၃၄၀ ခန့်၊ တရုတ်နိုင်ငံသို့ တန်ချိန် ၉၀၀ ကျော်၊ ဂျပန်နိုင်ငံသို့ MSR-20 တန်ချိန် ၉၀ ကျော်၊ ကိုရီးယားနိုင်ငံသို့ တန်ချိန်၂၀၀ ခန့်အထိ တင်ပို့လျက်ရှိကြောင်း သိရသည်။ လက်ရှိတွင် ရော်ဘာ RSS-1 တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၆၅၀-၁၇၀၀၊ RSS -2 တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၆၀၀ - ၁၇၀၀ ၊ RSS-3 တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၅၀၀- ၁၆၅၀၊ RSS- 4 တစ် တန်လျှင် အမေရိကန်ဒေါ်လာ ၁၄၅၀- ၁၅၅၀၊ RSS- 5 တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၅၀၀- ၁၆၀၀ ဈေးပေါက်နေသည်။ ပြီးခဲ့သည့် မေလအတွင်းက ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှရော်ဘာတန်ချိန် ၁၇,၀၀၀ ကျော်တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၂ သန်းကျော်ရရှိထားကြောင်း သိရသည်။ လက်ရှိမြန်မာနိုင်ငံအတွင်း ရော်ဘာစိုက်ဧက ၁၆ သိန်းဂန်းကျင်ခန့်ရှိနေပြီး အစေးခြစ်နိုင်သည့်အပင်ပေါင်း ခုနစ်သန်းခန့်ရှိရာ သက်တမ်းရင့် အစေးမထွက်တော့သည့်အပင်ပေါင်း ငါးသောင်းဂန်းကျင်ခန့်ရှိနေပြီး၊ ထိုရော်ဘာပင်များကို ခုတ်လှဲပြီး စက်ရုံများသို့သွင်းပါက တစ်တန်လျှင် ကျပ် ၈၀,၀၀၀ ဂန်းကျင်ခန့်ရရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/photos/a.945174725568024/

## ဗီယက်နမ် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ စပါးထွက်နှုန်းမြင့်တက်

ဗီယက်နမ်တောင်ပိုင်း ၁၂ ပြည်နယ်နှင့် ကန်သိုမြို့ပါဝင်သည့် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသသည် စပါးစိုက်ပျိုးရေးကဏ္ဍတွင် စမတ်စိုက်ပျိုးစနစ်များ ပြောင်းလဲအသုံးပြုလာခြင်းကြောင့် ထွက်နှုန်းတိုးလာသကဲ့သို့ ကုန်ကျစရိတ်လည်းလျှော့ချနိုင်လာပြီး သဘာဝ ပတ်ဝန်းကျင်ကိုလည်း ပိုမိုကာကွယ်နိုင်လာကြောင်းသိရသည်။ စမတ်စပါးမျိုးစေ့ချစနစ်၊ စမတ်စိုက်ပျိုးစက်၊ စမတ်ရေသွင်းရေထုတ်ထိန်းစက် စသည့်စမတ်ပစ္စည်းများ အသုံးပြုခြင်းကြောင့် သမားရိုးကျနည်းလမ်းထက် မျိုးစေ့အကုန်အကျသက်သာ၊ ပိုးသတ်ဆေးဖျန်းရ သက်သာ၊ ဓာတ်မြေသြဇာလျှော့သုံးနိုင်ပြီး ထွက်နှုန်းမှုကားပိုကောင်းလာကြောင်းသိရသည်။



ဒေါင်သပ်နှင့် ထရာဗင်ပြည်နယ်များတွင် လယ်သမားများသည် စမတ်စိုက်ပျိုးစနစ်များကြောင့် ယူရီးယားအသုံးပြုနှုန်း ရာခိုင်နှုန်း ၄၀ လျှော့ချနိုင်သလို စိုက်ခင်းခာတ် မြေသြဇာကြဲပက်သည့် အလုပ်သမားစရိတ်လည်း ၇၅ ရာခိုင်နှုန်းသက်သာသွားကြောင်းသိရသည်။ စမတ်စိုက်ပျိုးနည်းများကြောင့် စိုက်ပျိုးရေလိုအပ်ချက် ရာခိုင်နှုန်း ၃၀ လျှော့ချလိုက်နိုင်သလို အလုပ်သမားစရိတ်လည်း ရာခိုင်နှုန်း ၅၀ နီးပါးသက်သာသွားကြောင်းသိရသည်။ ရေထုအရည်အသွေးကို စောင့်ကြည့်သည့် စမတ်ပစ္စည်းများ အသုံးပြုခြင်းကြောင့် လယ်သမားများသည် စိုက်ခင်းအတွင်း ပင်လယ်ရေစိမ့်ဝင်မှု ပြဿနာကိုလည်း ကြိုတင်ကာကွယ်နိုင်လာကြောင်းသိရသည်။

စမတ်စိုက်ပျိုးစနစ်သည် သမားရိုးကျစိုက်ပျိုးစနစ်ထက် အမြတ်ရာခိုင်နှုန်း ၂၀ ပိုရရှိကြောင်းလည်းသိရသည်။ ဗီယက်နမ်ဆန်အိုးမြစ်ဝ ကျွန်းပေါ်ဒေသသည် စပါးစိုက်ခင်းဟက်တာ ၁ ဒသမ ၇ သန်းရှိပြီး နှစ်စဉ်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံဖိုး ဆန်တန်ချိန် ၂ ဒသမ ၈ သန်းတင်ပို့လျက်ရှိသည်။

**Source:** https://myanmar.mmtimes.com/news/124255.html

## ထိုင်း– မြန်မာ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု မကြာခင်စတင်မည်




ထိုင်း-မြန်မာနှစ်နိုင်ငံ သဘောတူညီမှုအရ နယ်စပ်ဖြတ်ကျော် ကုန်သွယ်ကားစီးရေ ၁၀၀ ခန့် ပြေးဆွဲရန် ခွင့်ပြုထားသည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများအနက် ပထမဦးဆုံး နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုအဖြစ် ထိုင်း-မြန်မာနှစ်နိုင်ငံကြား နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုကို လာမည့် ဇူလိုင်လကုန်တွင် စတင်မည်ဖြစ်သည်။

ထိုင်းနိုင်ငံသည် ယခုအစီအစဉ်ကို မြန်မာနှင့်စတင်ရန် လွန်ခဲ့သော တစ်နှစ်ကတည်းက ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ မြန်မာ–ထိုင်း နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေး ကနဦးအကောင်အထည်ဖော်မှုဆိုင်ရာ နားလည်မှုစာလွှာ(Initial Implementation of a Cross–Border Transport Agreement (IICBTA MoU) ကို ယခုနှစ် မတ် ၁၃ ရက်တွင် ရေးထိုးခဲ့ပြီးနောက် တစ်လအကြာတွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်မှန်းထားခဲ့သည်။ သို့သော် ပြီးခဲ့သည့်မေလက ဆွေးနွေးမှုအရ ထိုင်းနိုင်ငံတွင် International Cross Border Operator (ICBO) လိုင်စင်ထုတ်ပေးရေးနှင့် မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ်(Temporary Expedition Document) လုပ်ငန်းစဉ် နှစ်လကြာမြင့်မည် ဖြစ်သည့်အတွက် ဇူလိုင်လကုန်တွင်စတင်နိုင်မည်ဟု ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးဦးဝင်းလှိုင်က မြန်မာတိုင်း(မ်)ကိုပြောသည်။

**Source:** https://myanmar.mmtimes.com/news/124263.html

## ကုန်ပစ္စည်းအုပ်စု ခုနစ်မျိုးကို နိုင်ငံခြားကုမ္ပဏီများအား တင်ပို့ခွင့်ပြု

ဆန်၊ ဆန်ကွဲနှင့် လယ်ယာထွက်ကုန်များ၊ ရေထွက်ကုန်များအပါအဝင် ကုန်ပစ္စည်းအုပ်စုခုနစ်မျိုးကို ထုတ်လုပ်သူများထံမှ တစ်ဆင့်ဝယ်ယူပြီး ပြည်ပသို့တင်ပို့ခြင်းကို နိုင်ငံခြားကုမ္ပဏီများအားလုပ်ကိုင်ခွင့်ပြုကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဇွန်လ ၆ ရက်တွင် အမိန့်ကြော်ငြာစာထုတ်ပြန်သည်။ အရည်အသွေးမြင့်ထုတ်ကုန်များပြည်ပဈေးထွက်သို့ ချဲ့ထွင်တင်ပို့နိုင်ရန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာန လက်ထောက်အတွင်းဝန်ဦးခင်မောင်လွင်ကပြောသည်။ ပို့ကုန်တိုးမြှင့်နိုင်ရေးအတွက်ဆောင်ရွက်ပေးတာပါဟု ၎င်းကပြောသည်။ နိုင်ငံခြားသားများကို ပြည်ပသို့ ပို့ကုန်တင်ပို့ခွင့်ပြုရာတွင် အသား၊ ငါး၊ တစ်ဆင့်ပြုပြင်ထုတ်လုပ်ထားသော ကောက်ပဲသီးနှံ၊ ပျော့ဖတ်နှင့် စက္ကူအမျိုးမျိုး၊ မျိုးစေ့၊ သန့်စင်ထားသော သတ္တုရိုင်းများ၊ သစ်သီးမှ အဆင့်မြှင့်ထုတ်ထားသော ကုန်ချောများ၊ သစ်အခြေခံပရိဘောဂပစ္စည်းများပါဝင်သည်။

နိုင်ငံခြား ကုမ္ပဏီများအား ပြည်ပသို့ပို့ကုန်တင်ပို့ခွင့်ပြုရာတွင် ကုန်ပစ္စည်းအမည်အလိုက် သီးခြား သတ်မှတ်ချက်စည်းမျဉ်းများပါဝင်သည်။ ပြည်ပသို့ အသား၊ ငါးတင်ပို့လိုသည့် နိုင်ငံခြားကုမ္ပဏီများ အနေဖြင့် မွေးမြူရေး၊ ကုသရေးနှင့် ငါးလုပ်ငန်း ဦးစီးဌာနတို့ ထောက်ခံချက်ပါမှ ပို့ကုန်လိုင်စင် ခွင့်ပြုမည်ဖြစ်သည်။ ဆန်နှင့် ဆန်ကွဲတင်ပို့ခြင်းနှင့် ပတ်သက်၍

ပြည်တွင်းဘဏ်များတွင် ရင်းနှီးမြှုပ်နှံမှုအနည်းဆုံး ဒေါ်လာ သုံးသန်း လွှဲပြောင်း ထားရမည်ဖြစ်သည်။ ထို့အပြင် သိုလှောင်ရုံ အထောက်အထား ပြနိုင်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အသင်းဝင်ဖြစ်ရမည်ဟု သတ်မှတ်ထားသည်။ ထို့အပြင် ပဲမျိုးစုံ၊ ပြောင်းဖူး စေ့၊ နှမ်းတို့ကို အသင့်စားသုံးနိုင်သည့် အဆင့်ပြုပြင်ထုပ်ပိုးခြင်း၊ အခွံချွတ်ပြီး အဆင့်မြင့် ထုပ်ပိုးထားခြင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ထောက်ခံချက်များပါဝင်မှ လိုင်စင်ချထားပေးမည် ဖြစ်သည်။

သစ်အခြေခံပရိဘောဂပစ္စည်းများ ပြည်ပပို့ခွင့်နှင့်ပတ်သက်ပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမူဝါဒနှင့်အညီ မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တောဦးစီးဌာနထောက်ခံချက်ဖြင့် ပို့ကုန်လိုင်စင်ခွင့်ပြုမည်ဖြစ်သည်။ ကုန်သွယ်ရေးကို နိုင်ငံခြားသားတွေ လုပ်ပိုင်ခွင့်ပေးတာက ထိန်းကျောင်းမှုအပိုင်းကိုလည်း မူဝါဒတွေခိုင်မာဖို့လိုတယ်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် တွဲဖက်အတွင်းရေးမှူး ဦးနေလင်းဇင်ကပြောသည်။ နိုင်ငံခြားကုမ္ပဏီများကို ပို့ကုန် ကဏ္ဍ တွင် လုပ်ကိုင်ခွင့်ပြုပေးခြင်းက ကာလတိုအတွင်း ရင်းနှီးမြှုပ်နှံပြီး ပြန်လည်ထွက်ခွာနိုင်သည့် အခြေအနေမဖြစ်စေရန် လိုကြောင်း၊ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်လေးကပြောသည်။

ထုတ်လုပ်သူများထံမှ တစ်ဆင့်ဝယ်ယူပြီး ပြည်ပသို့ကုန်ပစ္စည်းများတင်ပို့ရာတွင် ဈေးကွက်အခြေအနေနှင့် ပြည်တွင်း လုပ်ငန်းရှင်များ၏ အခြေအနေပေါ်မူတည်၍ လိုအပ်သလို ပြောင်းလဲပြင်ဆင်မည်ဟု စီးပွားကူးသန်းဝန်ကြီးဌာန အမိန့် ကြော်ငြာစာတွင်ဖော်ပြသည်။

**Source:** http://www.7daydaily.com/story/158481

## တောင်ကြီးမြို့နယ်တွင် ထောပတ်စိုက်ဧက တစ်ထောင်ကျော်တိုးချဲ့စိုက်မည်



ယခုနှစ်တွင် ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့နယ်အတွင်း၌ ထောပတ်စိုက်ဧက တစ်ထောင်ကျော်ကို တိုးချဲ့စိုက်ပျိုးသွားမည် ဖြစ်ကြောင်း မြန်မာနိုင်ငံထောပတ်သီးစိုက်ပျိုးတင်ပို့ ထုတ်လုပ်ရောင်းချသူများအသင်းမှ သတင်းရရှိသည်။ ပြည်တွင်းမှထွက်ရှိသည့် ထောပတ်သီးကို ပြည်ပမှမှာယူမှုများရှိလာသည့်အတွက် တောင်ကြီးမြို့နယ်အတွင်း ထောပတ်စိုက်ခင်းများတိုးချဲ့ရန် စီစဉ်ရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးတင်ပို့ထုတ်လုပ် ရောင်းချသူများ အသင်းမှ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးမင်းကပြောသည်။ အရည် အသွေးကောင်းတဲ့ထောပတ်ကို တိုးချဲ့စိုက်ပျိုးမယ်။ ထွက်ရှိလာတဲ့ထောပတ်သီးကို ပြည်ပကိုအရည်အသွေးမြင့်မြင့်နဲ့ တင် ပို့နိုင်ဖို့လုပ်ဆောင်မယ်။ တောင်ကြီးတင်မကဘူး။ အခြားဒေသတွေမှာလည်း တိုးချဲ့ဖို့လုပ်သွားမယ်ဟု ဦးကျော်မင်းစိုးက ပြောသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် ထောပတ်သီးကို ပြည်ပနိုင်ငံများမှ ဝယ်ယူနေသည့် နိုင်ငံများထဲမှ ထောပတ်သီးအများဆုံး ဝယ်ယူသည့်နိုင်ငံမှာ ထိုင်းနိုင်ငံဖြစ်ကြောင်းသိရသည်။ လက်ရှိမြန်မာနိုင်ငံ၌စိုက်ပျိုးသည့် ထောပတ်မျိုးများမှာ ပြည်တွင်း မျိုးနှင့် နိုင်ငံခြားမျိုးဖြစ်သည့် ကယ်လီဖိုးနီးယားမျိုးဖြစ်ပြီး၊ ပြည်ပမှဝယ်ယူသည့်ထောပတ်သီးမှာနိုင်ငံခြားမျိုးဖြစ်သည်။ လက် ရှိ အချိန်တွင် ပြည်တွင်း၌ထောပတ်စိုက်ဧက ၃ သောင်းကျော်ရှိပြီး၊ တစ်နှစ်လျှင် ထောပတ်သီးတန်ချိန် သောင်းဂဏန်း ဝန်ကျင်ခန့်ထွက်ရှိကြောင်းသိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=8090

## တရုတ်ကုန်သည်များထံ ငွေလွှဲမရခြင်းကြောင့် သွင်းကုန်လျော့နည်းပြီး ကုန်စည်ပို့ဆောင်ခ ၁၀ ရာခိုင်နှုန်းကျော်စျေးကျ

တရုတ်ကုန်သည်များထံ ငွေလွှဲမရခြင်းကြောင့် မူဆယ်နယ်စပ်မှသွင်းကုန်ပမာဏလျော့နည်းပြီး နှစ်လအတွင်း ကုန်စည်ပို့ဆောင်ခ ၁၀ ရာခိုင်နှုန်းကျော်ကျဆင်းကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်ကပြောသည်။ တရုတ်နိုင်ငံရှိ ဘဏ်များတွင် တရုတ်ပို့ကုန်လုပ်ငန်းရှင်အချို့၏ ဘဏ်စာရင်းများ အပိတ်ခံရသဖြင့် မြန်မာနိုင်ငံမှ ကုန်ပစ္စည်းများဝယ်ယူရန် ငွေလွှဲပေးပို့၍မရပေ။ ထို့ကြောင့် မူဆယ်နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံထုတ်လုပ်သုံးကုန်ပစ္စည်းများ တင်သွင်းမှုလျော့နည်းခဲ့ကြောင်း ၎င်းကဆိုသည်။ ကားခစျေးကျတော့ လုပ်ရကိုင်ရတာမကောင်းဘူးဟု ဦးဝင်းအောင်ခန့်ကပြောသည်။ မူဆယ်မှရန်ကုန်မြို့သို့ တန် ၃၀ တင်ဆောင်နိုင်သည့် တွဲကားတစ်စီး၏ ငှားရမ်းခက ဧပြီတွင် ကျပ် ၃၂ သိန်း စျေးရှိသော်လည်း ယခုရက်ပိုင်းတွင် ကျပ် ၂၉ သိန်းသို့ ကျဆင်းလာကြောင်း ၎င်းက ပြောသည်။

တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးတွင် မူဆယ်-ရွှေလီ ကုန်သွယ်ရေးလမ်းကြောင်းက ၂၀၁၉ ၌ အခက်အခဲများ ရှိနေသည်။ မြန်မာနိုင်ငံဘက်မှ သကြား၊ ဆန်အပါအဝင် လယ်ယာထွက်ကုန်များတားဆီးခံရပြီး တင်ပို့နိုင်ခြင်းမရှိသဖြင့် မန္တလေး-မူဆယ် ကုန်စည်ပို့ဆောင်ခသည် ယခင်ကတစ်တန်လျှင် ကျပ်သုံးသောင်းခွဲခန့်ရှိသော်လည်း ယခုနှစ်သောင်း ရှစ်ထောင်ခန့်စျေးရှိကြောင်း မန္တလေးမြို့နေ ကုန်ကားပိုင်ရှင်တစ်ဦးကပြောသည်။ တရုတ်နိုင်ငံသို့ ကုန်စည်ပို့ဆောင်မှု ခက်ခဲနေခြင်းက ပို့ကုန်လုပ်ငန်းရှင်များသာမက ကုန်ကားပိုင်ရှင်များ၊ ယာဉ်မောင်းများနှင့် ကုန်တင်ကုန်ချအလုပ်သမားများ ဘဝရပ်တည်ရေးခက်ခဲနေကြောင်း ၎င်းကပြောသည်။

လက်ရှိ မူဆယ်နယ်စပ်မှ တရုတ်နိုင်ငံသို့ ဆန်တန်ချိန် တစ်သောင်း တရားဝင်တင်ပို့နေပြီး တရုတ်အစိုးရက တရုတ်ကုန်သည်များကိုပေးသည့် ဆန်တင်သွင်းခွင့်ပြုမိန့် တန်ချိန်တစ်ထောင်ဖြင့်လည်း ဆန်တင်ပို့မှုများ ရှိနေသည်။ သို့သော် သကြားနှင့် ပြောင်းဖူးစေ့တင်ပို့မှုက ရပ်တန့်နီးပါးဖြစ်နေကြောင်း မူဆယ် ဆန်ကုန်စည်ဒိုင်မှ အသင်းဝင်ကုန်သည်တစ်ဦးက ပြောသည်။ မူဆယ်နယ်စပ်မှ တရုတ်နိုင်ငံသို့ ဆန်၊ ပြောင်းဖူးစေ့၊ သကြားနှင့် လယ်ယာထွက်ကုန်၊ ရေထွက်ကုန်များ တင်ပို့ပြီး တရုတ်နိုင်ငံမှ လူသုံးကုန်၊ အီလက်ထရွန် နစ်ပစ္စည်းများ၊ စက်ပစ္စည်းများ စသည်တို့ တင်သွင်းသည်။

**Source:** http://www.7daydaily.com/story/158453

## သီလဝါဆိပ်ကမ်းရှိ အထွေထွေကုန်စည်နှင့် ကောက်ပဲသီးနှံတင်ချဆိပ်ခံတံတား Wilmar Jetty ၌ တည်ဆောက်နေသည့် တစ်နေ့လျှင် တန် ၅၃၀ ကျ ဂျုံစက်ရုံနှင့် သိုလှောင်ကန်တည်ဆောက်မှု ယခုလအတွင်း ပြီးစီးမည်

သီလဝါဆိပ်ကမ်းရှိ အထွေထွေကုန်စည်နှင့် ကောက်ပဲသီးနှံတင်ချဆိပ်ခံတံတား Wilmar Jetty ၌ တည်ဆောက်နေသည့် တစ်နေ့လျှင် တန် ၃၅၀ ကျ ဂျုံစက်ရုံနှင့် သိုလှောင်ကန်တည်ဆောက်မှု ယခုလအတွင်း ပြီးစီးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် စင်ကာပူနိုင်ငံအခြေစိုက် Wilmar Co. Ltd တို့အကြား BOT စနစ်ဖြင့် ဆောင်ရွက်နေသည့် သီလဝါဆိပ်ကမ်းဒေသရှိ Wilmar Jetty ၌ အထွေထွေကုန်စည်တင်သင်္ဘောများပါဆိုက်ကပ်၍ ဆိပ်ကမ်းလုပ်ငန်းများ လက်ခံဆောင်ရွက်နေပြီဖြစ်သည်။ သီလဝါဆိပ်ကမ်းတွင် နိုင်ငံတကာအဆင့်မီ အထွေထွေကုန်စည် ကောက်ပဲသီးနှံတင်ချ ဆိပ်ခံတံတားနှင့် ကုန်သေတ္တာတင် သင်္ဘောများ ဆိုက်ကပ်နိုင်မည့် ဆိပ်ကမ်းဖြစ်သည့် Wilmar Jetty အား ၂၀၁၈ ခုနှစ် မတ် ၂၅ ရက်တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

Wilmar Jetty က ကုမ္ပဏီက ရည်ရွယ်တာကတော့ စိုက်ပျိုးရေးထုတ်ကုန် သင်္ဘောတွေ၊ စားအုန်းဆီ တင်သွင်းတဲ့ သင်္ဘောတွေနဲ့ အခြားသင်္ဘောတွေ ဆိုက်ကပ်နိုင်ဖို့ပါ။ အခု လက်ရှိမှာတော့ အထွေထွေကုန်စည်တင် သင်္ဘောတွေပါဆိုက်ကပ်ပြီး ဆိပ်ကမ်းလုပ်ငန်းတွေ လက်ခံဆောင်ရွက်နေပါတယ်။ အခုဆို GC သင်္ဘောအစင်းရေ ၂၀ လောက် ဆိုက်ကပ်ပြီးပါပြီ။ အခု Jetty မှာ တည်ဆောက်နေတဲ့ ဂျုံစက်ရုံနဲ့သိုလှောင်ကန်ကလည်း ဒီဇွန်လထဲမှာပြီးစီးမှာဖြစ်ပါတယ်" ဟု Wilmar Jetty မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ Wilmar Jetty သည် ပထမအဆင့် ဆိပ်ကမ်းတည်ဆောက်မှုပြီးစီး၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ဆိပ်ကမ်းစီမံကိန်းတစ်ခုလုံးအား ၂၀၂၂ ခုနှစ်တွင် အပြီးသတ်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ သီလဝါဆိပ်ကမ်းဒေသရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မြေကွက်များတွင် နိုင်ငံတကာအဆင့်မီ အထွေထွေကုန်စည် ကောက်ပဲသီးနှံ တင်ချဆိပ်ခံတံတားနှင့် ဆိပ်ကမ်းဆိုင်ရာ အဆောက်အအုံတည်ဆောက်ရန် Wilmar Myanmar Port

Terminals (Thilawa) မှ ၄၁းရမ်းလုပ်ကိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်နိုင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် ခွင့်ပြုချက်အား ရရှိလုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ လုပ်ငန်းများကို ၂၀၁၂ ခုနှစ်တွင် စာချုပ်လက်မှတ်ရေးထိုးပြီး ၂၀၁၆ ခုနှစ် မတ်လတွင်စတင်ကာ သီလဝါရေနက်ဆိပ်ကမ်း မြေကွက်အမှတ် ၂၀ နှင့် ၂၁ တွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၉ သန်း ရင်းနှီးမြှုပ်နှံသွားမည်ဟုသိရသည်။

Wilmar Jetty သည် စုစုပေါင်း အလျား ၂၃၄ မီတာ၊ အကျယ် ၂၅ မီတာရှိပြီး ထပ်မံ၍ ဆိပ်ခံတံတားအရှည် မီတာ ၃၉၀ အထိ တည်ဆောက်သွားမည်ဖြစ်ကာ ရေအနက် ၁၃ မီတာရှိကြောင်းသိရသည်။ သင်္ဘောအရွယ် ၄၉၀၀၀ DWT ရှိ သင်္ဘောကြီးများ ဆိုက်ကပ်နိုင်သည်အထိ ဆောက်လုပ်သွားမည်ဟုသိရသည်။ လက်ရှိသီလဝါဆိပ်ကမ်းဒေသတွင် အထွေထွေ ကုန်စည်နှင့် ကုန်သေတ္တာတင်သင်္ဘောများ ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းများအနေဖြင့် MITT ဆိပ်ကမ်းနှင့် Wilmar ဆိပ်ကမ်းတို့ရှိပြီး ယခုဖွင့်လှစ်သည့် Wilmar Jetty သည် တတိယမြောက်ဆိပ်ကမ်းဖြစ်လာမည်ဖြစ်သည်။ Wilmar Jetty တွင် ဆိပ်ခံတံတားအပြင် စားအုန်းဆီသိုလှောင်ထုတ်လုပ်သည့် စက်ရုံများ၊ သကြားစက်၊ ဓာတ်မြေဩဇာစက်ရုံ၊ ဆန်စက်များ၊ ဆီအုန်းထုတ်လုပ်သည့် စက်ရုံများအပြင် အခြားကုန်ပစ္စည်းသိုလှောင်ရုံများပါ တည်ဆောက်နေကြောင်း သတင်းရရှိသည်။

**Source:** https://news-eleven.com/article/116235

## မြန်မာနိုင်ငံသို့ LPG ရေနံဓာတ်ငွေ့ရည် တန်ချိန်(၅၀)တင်သွင်း
## တရုတ် LPG ရေနံဓာတ်ငွေ့ရည် ထုတ်ကုန် ယူနန်ပြည်နယ် တင်ပို့လမ်းကြောင်း တရားဝင်ဖွင့်လှစ်

ဧပြီလ၊ ၂၅ ရက်၊ ညနေ(၅)နာရီတွင် LPG ရေနံဓာတ်ငွေ့ရည် ပုံးများသယ်ဆောင်သည့် ကုန်တင်ယာဉ်(၃)စီးသည် နယ်စပ်ဂိတ်သို့ တစ်ဖြည်းဖြည်းမောင်းနှင်လာပါသည်။ ဤသည်မှာ တရုတ်နိုင်ငံ တောင်အာရှဈေးကွက်သို့ ဝင်ရောက်သည့် ပထမအသုတ် LPG ရေနံဓာတ်ငွေ့ရည်ထုတ်ကုန်သည် ယူနန်ပြည်နယ် ရေနံဓာတုအုပ်စုကုမ္ပဏီလီမိတက်မှထုတ်လုပ်ပြီး ထုတ်လုပ်မှု စုစုပေါင်းတန်ချိန်(၅၀)ရှိကာ မြန်မာနိုင်ငံသို့တင်ပို့မည်ဖြစ်သည်။ ဤသည်မှာ တရုတ်နိုင်ငံ LPG ရေနံဓာတ်ငွေ့ရည်ထုတ်ကုန်များ၏ ယူနန်ပြည်နယ်တင်ပို့လမ်းကြောင်း တရားဝင်ဖွင့်လှစ်သွားကြောင်း ဖော်ညွှန်းနေခြင်းဖြစ်ပါသည်။ ယူနန်ရေနံဓာတုအုပ်စုကုမ္ပဏီလီမိတက်နိုင်ငံတကာစနစ်ဖြင့်လည်ပတ်လုပ်ကိုင်ရန်အတွက် အရေးကြီးသော ခြေလှမ်းတစ်လှမ်းဖြစ်ပါသည်။ ယူနန်ပြည်နယ် ရေနံဓာတုအုပ်စုကုမ္ပဏီလီမိတက်မှ နိုင်ငံတော်မှဖော်ဆောင်နေသည့် Belt and Road တည်ဆောက်မှုအပေါ် တုံ့ပြန်ခြင်း၊ ယူနန်ပြည်နယ်ဖွံ့ဖြိုးတိုးတက်သော လမ်းကြောင်း တည်ဆောက်မှုလက်တွေ့လုပ်ဆောင်ချက်တွင်ပါဝင်ခြင်းတို့ဖြစ်ပါသည်။

ယခုတင်ပို့သော LPG ရေနံဓာတ်ငွေ့ရည်ထုတ်ကုန်သည် ယူနန်ရေနံဓာတုအုပ်စုကုမ္ပဏီလီမိတက် စတင် လည်ပတ်လုပ်ကိုင်ပြီးနောက် ထုတ်လုပ်သော ပထမဆုံးအဓိကထုတ်ကုန်ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင် ဈေးကွက်သို့ ဝင်ရောက်ပြီးနောက် ကြိုက်နှစ်သက်မှုများရရှိခဲ့ရာ တစ်လအတွင်းရောင်းချမှုတန်ချိန် (၂)သောင်းခန့်ရှိခဲ့ပါသည်။ ယူနန်ရေနံဓာတုကုမ္ပဏီ ဖော်ဆောင်နေသော နိုင်ငံတကာပုံစံလုပ်ငန်းလည်ပတ်မှုမဟာဗျူဟာလုပ်ငန်းစဉ်တွင် ရေနံဓာတ်ငွေ့ရည်၏တင်ပို့မှုမှာ ယူနန်ပြည်နယ်ရေနံဓာတုကုမ္ပဏီ၏ တင်ပို့ကုန်စည်အမျိုးမျိုးကို တစ်ဆင့်ပိုမိုပြည့်စုံစေခဲ့ပါသည်။ ထို့မှတစ်ဆင့် ယူနန်ပြည်နယ် ရေနံနှင့်ဓာတ်ငွေ့ထုတ်ကုန်၏ တောင်အာရှ၊ အရှေ့တောင်အာရှဈေးကွက်ပမာဏကို ထိရောက်စွာ တိုးချဲ့သွားနိုင်မည်ဖြစ်ကြောင်းသိရပါသည်။

**Source:** www.yunnan.cn

https://www.facebook.com/shweliayarnews/

# STOCK EXCHANGE (13.6.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 13th Jun. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +500 | +4.35% | 11,500 | 12,000 | 11,500 | 2,399 | 28,394,000 | 27,112,747 | 325,353 |
| MTSH | 00002 | 3,300 | +0 | +0.00% | 3,300 | 3,350 | 3,300 | 4,741 | 15,645,350 | 38,929,150 | 128,466 |
| MCB | 00003 | 7,900 | +100 | +1.28% | 7,800 | 7,900 | 7,800 | 1,432 | 11,309,600 | 10,400,986 | 82,168 |
| FPB | 00004 | 24,000 | +0 | +0.00% | 24,000 | 24,000 | 24,000 | 1,094 | 26,256,000 | 2,472,053 | 59,329 |
| TMH | 00005 | 3,000 | -50 | -1.64% | 3,050 | 3,050 | 3,000 | 424 | 1,287,050 | 12,212,906 | 36,639 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 462.89 | +10.24 | +2.26% | 452.65 | 464.76 | 452.65 | 10,090 | 82,892,000 | 5 | 631,955 |

### Index chart




# Market Overview

As of 12:00 pm, 13th Jun. 2019

| MYANPIX | 464.76 ▲ 12.11 |
|---|---|
| Total Volume (shares) | 9,542 |
| Total Value (MMK) | 75 mil |
| Listed Company | 5 |
| Market Cap. (MMK) | 634,512 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 500 |
| MTSH | 00002 | 3,350 | ▲ 50 |
| MCB | 00003 | 7,900 | ▲ 100 |
| FPB | 00004 | 24,000 | ▲ 0 |
| TMH | 00005 | 3,050 | ▲ 0 |